PAUNG SIE FACILITY

# ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခြေခံမူများ
## - ပေါင်းစည်းလုပ်ငန်းအဖွဲ့၏လမ်းညွှန်

*ပေါင်းစည်းလုပ်ငန်းအဖွဲ့၏ပန်းတိုင်မှာ ပေါင်းစည်းညီညွတ်သော လူအဖွဲ့အစည်း တစ်ရပ် ဖြစ်ထွန်းလာရန်အတွက် အများကောင်းမွန်ကြွယ်ဝစေရန်အတွက်လုပ်ဆောင်ခြင်း၊ မိမိတို့၏ လူ့အဖွဲ့အစည်းဖြစ်သည်ဟူသော ခံယူချက် ဖြစ်ပေါ်ရန် ဖန်တီးပေးခြင်း၊ ယုံကြည်မှုမြှင့်တင်ခြင်းနှင့် အားလုံးသာယာဝပြောစေရေး ငြိမ်းငြိမ်းချမ်းချမ်း ရှေ့ဆက်သွားနိုင်ရန်အတွက်အခွင့်အလမ်း ပေးအပ်ခြင်း တို့ကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်စေရန် ပံ့ပိုးပေးခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့အတူတကွတည်ဆောက်ရမည့် ဆက်သွယ်ရင်းနှီးမှုများအားဖြင့် အဆိုပါကနဦး အစပြုလုပ်ငန်းများ၏နောက်ကွယ်တွင်ရှိသောသူများသည် ဖေါ်ပြပါရည်မှန်းချက်ပန်းတိုင် အား ပြည့်မီစေရန် အဓိကကျသောသူများပင်ဖြစ်ပါသည်။*

ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် တည်ဆောက်လိုသည့် အဆိုပါ ဆက်သွယ်ရင်းနှီးမှုအား ရှင်းလင်းစွာသိရှိနိုင်စေရန် ကျွန်ုပ်တို့အနေနှင့် ဝမ်းမြောက်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအခြေခံမူများ အားမျှဝေလိုပါသည်။

- မြန်မာပြည်သူပြည်သားများအား ကျွန်ုပ်တို့၏ အဓိကအလေးထားဂရုပြုမှု အဖြစ်ထားရှိခြင်း၊
- ပူးပေါင်းပါဝင်ပေါင်းစပ်မှုအဆင့်အမြင့်ဆုံးထားရှိရန် အတွက် အပြန်အလှန်နားလည်လေးစားမှုနှင့် အတူ ကတိ ကဝတ်ပြုမှုအား တည်တံ့စေခြင်း၊
- ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်နေသည့် ပတ်ဝန်းကျင်အခြေအနေအား နားလည်ထားရှိပြီး ဆိုးကျိုး သက်ရောက်မှုများအားတတ်နိုင်သမျှ လျော့ကျစေကာ ကောင်းကျိုးသက်ရောက်မှုများအား အမြင့်ဆုံးမြှင့်တင်ပေးခြင်း၊
- မြန်မာ၏စဉ်ဆက်မပြတ်လှုပ်ရှားပြောင်းလဲမှုအခြေအနေအားလျင်မြန်စွာတုံ့ပြန်နိုင်မှု နှင့်ပြုပြင် ပြောင်းလွယ်မှု အား ပြသနိုင်ရန်ထားရှိခြင်း၊
- တာဝန်နှင့်ဝတ္တရားများအားတိကျစွာနားလည်ပြီး ရှင်းလင်းသော ဆက်သွယ်ရေးမှတဆင့်၊ ကျွန်ုပ်တို့နှင့် လက်တွဲဆောင်ရွက်နေသောမိတ်ဖက်များ၊ အများပြည်သူနှင့် ရပ်ရွာလူထုအပေါ် တာဝန်ခံခြင်းမှတဆင့် ပွင့်လင်းမြင်သာမှုအား သေချာစေခြင်း၊
- လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ကျား/မတန်းတူညီမျှရေးနှင့် လူမှုအသိုက်အဝန်းများအား ထည့်သွင်း စဉ်းစားခြင်းကို မြှင့်တင်ပေးခြင်း၊
- မြန်မာ့ရေမြေအခြေအနေနှင့် ကိုက်ညီသောဆန်းသစ်တီထွင်မှုများနှင့် အခြားသော ဒေသ အခြေအနေများရှိ ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာအလေ့အကျင့်များမှသင်ခန်းစာများမှရရှိ လာသော ထပ်မံတိုးပွား လာသောတန်ဖိုးအား အသိမှတ်ပြုခြင်း၊

အဆိုပါ အခြေခံမူများသည် PSF နှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား လုပ်ငန်းအကောင် အထည် ဖေါ်ဆောင်ရွက်ရန် ချုပ်ဆိုမည့် သဘောတူညီမှုစာချုပ်၊ လမ်းညွှန်မှုများနှင့် လုပ်ငန်းတိုးတက်မှုအစီရင်ခံစာ တို့တွင်သက်ရောက် ထင်ဟပ်မှုရှိပါသည်။